UNHCR
The UN Refugee Agency

# THAILAND

18 November – 2 December 2015

## MEDIA MONITORING REPORT #138

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

**Ethnic ceasefire signatories eye all-inclusive political dialogue**

### နိုင်ငံရေးဆွေးနွေးပွဲများတွင်အားလုံးပါဝင်နိုင်ရန်မျှော်လင့်

The Global New Light of Myanmar, 25 November 2015

အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသူတိုင်းရင်းသားလက်နက်ကိုင်များသည်လာမည့်နိုင်ငံရေးဆွေးနွေးမှုများတွင်လက်မှတ်မရေးထိုးသူများကိုလည်းပါဝင်ထည့်သွင်းရန်မျှော်လင့်နေကြသည်ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးပူးတွဲကော်မတီ(UPDJC)တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ကိုယ်စားလှယ်တစ်ဦးဖြစ်သူမှပြောကြားချက်အရဖြစ်သည်။



ဆွေးနွေးညှိနှိုင်းမှုအရအစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများသည်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်မရေးထိုးသည့်သူများနှင့်မူဘောင်ရေးဆွဲသည့်လုပ်ငန်းစဉ်များသာမကနိုင်ငံရေးဆွေးနွေးမှုများလုပ်ဆောင်စဉ်အတောအတွင်းတွေ့ဆုံကြရန်အတွက်အစမ်းသဘောတူညီမှုများရရှိနေပြီဖြစ်ပြီး၎င်းတို့အားအထူးဖိတ်ကြားရန်ခွင့်ပြုလိုက်သည်ဟု UPDJC တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်ခွန်မြင့်ထွန်းကပြောခဲ့သည်။

**Link:** http://globalnewlightofmyanmar.com/ethnic-ceasefire-signatories-eye-all-inclusive-political-dialogue/

### မြန်မာအတိုက်အခံခေါင်းဆောင်နှင့်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူတို့မှအမျိုးသားရင်ကြားစေ့ရေးအတွက်သဘောတူညီမှုများရရှိ

China Daily, 19 November 2015

မြန်မာအတိုက်အခံခေါင်းဆောင်အောင်ဆန်းစုကြည်နှင့်လက်ရှိလွှတ်တော်၏ပြောရေးဆိုခွင့်ရှိသူဦးရွှေမန်းသည်ကြာသာပတေးနေ့တွင်ပြုလုပ်သောတွေ့ဆုံမှုတွင်အသစ်ဖွဲ့စည်းမည့်လွှတ်တော်သစ်တွင်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်အမျိုးသားပေါင်းစည်းရေးတို့နှင့်ပတ်သတ်၍အလေးထားဆောင်ရွက်ရန်အတွက်သဘောတူညီမှုများရရှိခဲ့သည်ဟုနေပြည်တော်၌နှစ်ဦးနှစ်ဖက်အ



တွင်းတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်းနောက်ဆက်တွဲအရထုတ်ပြန်သောပူးတွဲကြေငြာချက်တွင်ဖော်ပြခဲ့သည်။

နိုဝင်ဘာလ(၈)ရက်နေ့တွင်ကျင်းပခဲ့သောအထွေထွေရွေးကောက်ပွဲတွင်ဒေါ်အောင်ဆန်းစုကြည်၏ပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)မှအပြတ်အသတ်အနိုင်ရရှိပြီးနောက်သူမမှပထမဦးဆုံးအကြိမ်တွေ့ဆုံဆွေးနွေးရန်တောင်းခံလာမှုအတွက်နေပြည်တော်တွင်ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးရွှေမန်းတို့တွေ့ဆုံခဲ့ကြသည်။

အခြေခံဥပဒေအရလွှတ်တော်ကိုဒုတိယအကြိမ်ဖွဲ့စည်းရာတွင်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်အတွက်နှစ်ဖက်စလုံးမှတပြိုင်နက်တည်းသဘောတူညီမှုရရှိခဲ့သည်။

**Link:** http://www.chinadaily.com.cn/world/2015-11/19/content_22485978.htm

## မြန်မာမှအချက်(၁၀)ချက်အောက်၌ဆွေးနွေးမှုမူဘောင်မှုကြမ်းရေးဆွဲ

Business Standard, 29 November 2015

မြန်မာ့ငြိမ်းချမ်းရေးစင်တာ၌အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းနိုင်ငံရေးဆွေးနွေးမှုများအတွက်အချက်(၁၀)ချက်အောက်၌မူဘောင်ရေးဆွဲခဲ့ကြသည်ဟုတနင်္ဂနွေနေ့၌အရာရှိတစ်ဦးကပြောခဲ့သည်။


Credit: The Global New Light of Myanmar

သောကြာနေ့၌စတင်ခဲ့သည့်သုံးဦးဖလှယ်ပါဝင်သောပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးပူးတွဲကော်မတီ(UPDJC)၏အထူးဆွေးနွေးမှုမူဘောင်ရေးဆွဲရေးကော်မတီကလေးရက်တာအစည်းအဝေးတွင်အချက်(၁၀)ချက်ကိုဆွေးနွေးခဲ့သည်ဟုရှင်ဟွာသတင်းဌာနကအစီရင်ခံခဲ့သည်။

ပါဝင်သည့်အချက်များမှာမူဘောင်၏အခြေခံစည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံရေးဆွေးနွေးပွဲ၌ပါဝင်သည့်အဖွဲ့အစည်းများ၏ကိုယ်စားပြုဆောင်ရွက်ခြင်းနှင့်ပူးပေါင်းပါဝင်ခြင်း၊ဆုံးဖြတ်ချက်ပြုလုပ်သည့်နည်းလမ်းများ၊နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာစီမံခန့်ခွဲမှုများ၊ပြည်ထောင်စုအဆင့်သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းများနှင့်လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ခြင်းစသည်တို့ပါဝင်သည်ဟုမြန်မာ့ငြိမ်းချမ်းရေးစင်တာကပြောကြားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်မှသမ္မတ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့်တွေ့ဆုံ

Democratic Voice of Burma, 2 December 2015


Credit: The Global New Light of Myanmar

မြန်မာသမ္မတဦးသိန်းစိန်နှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည်အာဏာလွှဲပြောင်းပေးခြင်းဆီသို့ပထမအဆင့်ခြေလှမ်းအနေဖြင့်ယနေ့တွင်ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သူမပါတီမှမဲအပြတ်အသတ်အနိုင်ရရှိပြီးနောက်အမျိုးသားဒီမိုကရေစီအဖွဲ့(NLD) ခေါင်းဆောင်မှတွေ့ဆုံရန်တောင်းဆိုမှုအရနေပြည်တော်တွင်သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

ဗုဒ္ဓဟူးနေ့မနက်ပိုင်းတွင်သမ္မတနှင့်သီးခြားတွေ့ဆုံဆွေးနွေးပြီးနောက်ဒေါ်အောင်ဆန်းစုကြည်သည်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။လာမည့်အစိုးရသစ်၏အဓိကရင်ဆိုင်ရမည့်အခက်အခဲတစ်ခုမှာစစ်တပ်နှင့်တွဲ၍လုပ်ဆောင်ရာတွင်စိန်ခေါ်မှုများကြုံတွေ့နိုင်သည်၊သို့သော်လည်းမင်းအောင်လှိုင်မှတွေ့ဆုံမှုသည်ရလဒ်ကောင်းများရရှိခဲ့ကြောင်းသတင်းထောက်များထံပြောကြားခဲ့သည်။

နိုင်ငံအကျိုးအတွက်ကျွန်တော်တို့နှစ်ဦးနှစ်ဖက်ပူးပေါင်းလုပ်ဆောင်သွားဖို့သဘောတူညီခဲ့ကြပါတယ်ဟုသူကထပ်ပေါင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတတွေ့ဆုံချိန်အတွင်းဆွေးနွေးခဲ့သည့်အချက်အလက်အသေးစိတ်ကိုမူဖော်ပြခဲ့ခြင်းမရှိပေ။

**Link:** http://www.business-standard.com/article/news-ians/myanmar-drafts-dialogue-framework-under-10-points-115112900060_1.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### မြန်မာအစိုးရအသစ်ဖွဲ့စည်းရာတွင်တိုင်းရင်းသားအဖွဲ့များ၊အခြားပါတီများကိုလည်းထည့်သွင်းသွားမည်ဟုဒေါ်အောင်ဆန်းစုကြည်မှပြောကြား

Channel News Asia, 26 November 2015

မြန်မာနိုင်ငံ၏အစိုးရအသစ်ဖွဲ့စည်းရာတွင်အခြားသောနိုင်ငံရေးပါတီမှအဖွဲ့ဝင်များနှင့်တိုင်းရင်းသားကိုယ် စားလှယ်များကိုလည်းထည့်သွင်းသွားမည်ဟုအမျိုးသားဒီမိုကရေစီအဖွဲ့(NLD)ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က



ကြာသာပတေးနေ့တွင်ပြောကြားခဲ့သည်၊အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက်လိုအပ်သည်များကိုအာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။

NLDသည်အမျိုးသားဥပဒေပြုလွှတ်တော်အဆင့်တွင်လွှတ်တော်အဖွဲ့ဝင်များမှရွေးချယ်ရမည့်သမ္မတရွေးချယ်ရန်အတွက်နေရာအလုံအလောက်ရရှိခဲ့သည်။ထို့နောက်သမ္မတမှဝန်ကြီးများကိုရွေးချယ်မည်ဖြစ်သည်။ သမ္မတနေရာနှင့်စပ်လျဉ်း၍သမ္မတဖြစ်သည့်ပါတီသာအနိုင်ငံရသည့်အဖွဲ့ဖြစ်ကြောင်းသူမကပြောကြားခဲ့သည်။

ဖေဖော်ဝါရီလတွင်လွှတ်တော်အသစ်ဖွဲ့စည်းပြီးသမ္မတကိုရွေးချယ်တင်မြှောက်မည်ဖြစ်သည်၊အစိုးရအုပ်ချုပ်ရေးအဖွဲ့သစ်သည်၎င်း၏(၅)နှစ်သက်တမ်းကိုဧပြီလ(၁)ရက်နေ့တွင်စတင်မည်ဖြစ်သည်။

**Link:** http://www.channelnewsasia.com/news/asiapacific/myanmar-cabinet-to/2296288.html

### လာမည့်အစိုးရသစ်တွင်တိုင်းရင်းသားပါတီများပါဝင်မည့်ကိုတိုင်းရင်းသားနိုင်ငံရေးသမားများကကြိုဆို

The Irrawaddy, 27 November 2015




မြန်မာနိုင်ငံရှိနိုင်ငံရေးပါတီများသည်နိုဝင်ဘာလ(၈)ရက်နေ့တွင်ကျင်းပသောအထွေထွေရွေးကောက်ပွဲ၌ဒေါ်အောင်ဆန်းစုကြည်ပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)၏အပြတ်အသတ်အောင်နိုင်ခြင်းကိုကြိုဆိုလိုက်ကြပြီးသူမ၏အစိုးရသစ်အဖွဲ့သည်တိုင်းရင်းသားလူနည်းစုများနှင့်အခြားသောနိုင်ငံရေးပါတီများကိုအစိုးရအဖွဲ့တွင်ပါဝင်စေမည်ဖြစ်ပြီးအမျိုးသားရင်ကြားစေ့ရေးကို

တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့(SNLD)မှပြောရေးဆိုခွင့်ရှိသူစိုင်းလိတ်ကပါတီသည်လာမည့်အစိုးရသစ်တွင်တိုင်းရင်းသားလူနည်းစုများပိုမိုပါဝင်နိုင်ခြင်းနှင့်ပတ်သတ်ပြီးအပြုသဘောဆောင်ကြောင်းပြောကြားခဲ့သည်။

**Link:** http://www.irrawaddy.org/election/news/ethnic-politicians-welcome-diversity-in-new-govt

### မြန်မာတပ်မှကလေးစစ်သား(၅၃)ဦးထပ်မံနှုတ်ထွက်ခွင့်ပြု

Aljazeera America, 30 November 2015

အသက်မပြည့်သေးသည့်ကလေးစစ်သားများကိုလွှတ်ပေးရန်ကြိုးပမ်းအားထုတ်သည့်တစ်စိတ်တစ်ပိုင်းအနေဖြင့် မြန်မာ့တပ်မတော်မှကလေးစစ်သား(၅၃)ဦးနှင့်လူငယ်လူရွယ်များအားတနင်္လာနေ့တွင်နှုတ်ထွက်ခွင့်ပေးခဲ့သည်ဟု ကုလသမဂ္ဂကပြောကြားခဲ့သည်။




၂၀၁၁ခုနှစ်တွင်မြန်မာစစ်တပ်မှအရပ်သားအစိုးရအဖွဲ့ထံ အာဏာလွှဲပြောင်းပေးပြီးသည့်အချိန်မှစ၍အသက်(၁၈)နှစ် အောက်ရှိကလေးစစ်သားစုဆောင်းထားသည်များကိုလွှတ် ပေးခြင်းများအပါအဝင်လက်နက်ကိုင်အဖွဲ့များသည်တတ်သိ ကျွမ်းကျင်မှုများရှိလာစေရန်အတွက်ခြေလှမ်းအချို့လှမ်းလာ ခဲ့သည်။

ယခုနှစ်၌စစ်တပ်သည်အသက်မပြည့်သေးသည့်တပ်သားသစ်(၁၄၆)ဦးကိုစစ်တပ်မှထွက်ခွာခွင့်ပြုခဲ့ပြီးတပ်မတော်တွင်ကလေးစစ်သားအသုံးပြုခြင်းကိုအဆုံးသတ်ရန်တွက် ၂၀၁၁ခုနှစ်၌ပူးတွဲလုပ်ဆောင်မှုစီမံချက်သဘောတူညီမှုကို UN နှင့်လက်ရေးထိုးပြီးသည့်နောက်ကလေးစစ်သား(၆၉၉)ဦးကိုလွှတ်ပေးခဲ့သည်။

**Link:** http://america.aljazeera.com/articles/2015/11/30/un-myanmar-released-53-child-soldiers.html

## သန်းခေါင်စာရင်းနှင့်ရွေးကောက်ပွဲ

### ရွေးကော်ပွဲပြီးနောက်တွေ့ဆုံဆွေးနွေးရန်နှောင့်နှေးခြင်းများသည်သံသယဖြစ်စရာဖြစ်

Myanmar Times, 18 November 2015

ဒေါ်အောင်ဆန်းစုကြည်ပါတီ၏ရွေးကောက်ပွဲအပြတ်အသတ်နိုင်ခြင်းနောက်ဆက်တွဲအရသမ္မတဦးသိန်းစိန်သည် အစိုးရသစ်အားအာဏာလွှဲပြောင်းပေးဖို့ဆွေးနွေးရန်အတွက်ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်နှောင့်နှေးနေပုံပေါ်သည်။သမ္မတကိုယ်စားလှယ်ကအမျိုးသားဒီမိုကရေစီအဖွဲ့ခေါင်းဆောင်နှင့်တွေ့ဆုံခြင်းကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်၍ရလဒ်အားလုံးအပြီးသတ်ဖြေရှင်းပြီးခြင်းမတိုင်မီတွေ့ဆုံခြင်းပြုလုပ်မည်မဟုတ်ကြောင်းပြောဆိုလိုက်သည်။



လုပ်ငန်းစဉ်လုပ်ဆောင်ရာတွင်လအတန်ကြာအချိန်ယူရမည်ဖြစ်ပြီးအကူးအပြောင်းကာလကိုကျော်လွန်ကာဇန်နဝါရီလနှောင်းပိုင်းတွင်လွှတ်တော်အသစ်တစ်ရပ်ကျင်းပလုပ်ဆောင်

သွားမည်ဖြစ်သည်၊သမ္မတရွေးချယ်တင်မြှောက်ခြင်းကိုဖေဖော်ဝါရီလတွင်လုပ်ဆောင်မည်ဖြစ်သည်။

ယခင်နှင့်လက်ရှိပိုလ်ချုပ်ကြီးများသည်၎င်းတို့ကတိပေးထားသည့်အတိုင်းအာဏာချောချောမောမောလွှဲပြောင်းပေးမည်ဟုဆိုခြင်းအပေါ်တွေ့ဆုံစည်းဝေးရန်အတွက်ဆုံးဖြတ်ချက်ချရန်ခပ်ဆိုင်းဆိုင်းဖြစ်နေခြင်းနှင့်ရက်သတ်မှတ်ရန်ရှင်းရှင်းလင်းလင်းမရှိမှုအပေါ်စိုးရိမ်မှုများမြင့်တက်လာခဲ့ကြသည်။အနောက်တိုင်းလေ့လာသူများကသိသိသာသာနှောင့်နှေးနေခြင်းအပေါ်စိုးရိမ်ပူပန်ခဲ့ကြပြီးရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက်ကြိုးပမ်းနေကြသည်။

**Link:** http://www.mmtimes.com/index.php/national-news/17678-delayed-post-election-talks-put-transition-in-doubt.html

## ရွေးကောက်ပွဲရလဒ်ကြောင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနေရပ်ပြန်ရန်မျှော်လင့်ချက်များရှိလာ

Channel News Asia, 21 November 2015

နေရပ်တိုင်းပြည်၏စီးပွားရေးအခြေအနေများသည်၎င်းတို့အားနိုင်ငံရပ်ခြားတွင်ပိုမိုကောင်းမွန်သောအလုပ်အကိုင်များရှာဖွေရန်မျှော်လင့်ချက်များဖြင့်တိုင်းပြည်မှထွက်ခွာအောင်တွန်းအားပေးစေ့ဆော်ခဲ့သည်။ပြည်ပတွင်ရသည့်လခ၏တစ်ဝက်သာရမည်ဆိုသော်လည်းနေရပ်ပြန်ကြမည်ဖြစ်သည်၊သို့သော်အပြောင်းအလဲအတွက်၎င်းတို့မဲထည့်ခဲ့ခြင်းအပေါ်အစိုးရမှထိထိရောက်ရောက်လုပ်ဆောင်ပေးရန်လိုအပ်သည်ဟုရွှေ့ပြောင်းအလုပ်သမားများက Channel NewsAsia သို့ပြောခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်၏အမျိုးသားဒီမိုကရေစီအဖွဲ့အပြတ်အသတ်အနိုင်ရရှိခဲ့သည့်နိုဝင်ဘာလရွေးကောက်ပွဲပြီးနောက်ပိုင်းတွင်မြန်မာနိုင်ငံသားအများစုကအစိုးရသစ်အဖွဲ့သည်၎င်းတို့နေရပ်ပြန်ရန်အတွက်အပြောင်းအလဲအများအပြားကိုထိထိရောက်ရောက်လုပ်ဆောင်နိုင်မည်ဟုမျှော်လင့်နေကြသည်။သို့သော်လည်းရာစုနှစ်များစွာဖြစ်ပွားခဲ့သည့်ပြည်တွင်းစစ်နှင့်နိုင်ငံ၏အနောက်အရပ်တွင်အခြေအနေတင်းမာမှုများကြောင့်အစိုးရအသစ်သည်ယင်းတို့ကိုဦးဆောင်ပြုလုပ်ရာတွင်စိန်ခေါ်မှုများစွာရှိမည်ဖြစ်သည်။

**Link:** http://www.channelnewsasia.com/news/asiapacific/for-myanmar-migrant/2278070.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren